**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃ (စ) }**

**ခုံအဖွဲ့**

၂၀၂၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၁၄/၂၀၂၄)

| | |
|---|---|
| ဒေါ်သူဇာမြင့်ပါ(၇)ဦး (အလုပ်သမား)<br>ကမ်းနားတန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| Mr. Backman Tom Stefan (အလုပ်ရှင်)<br>Mr. Wang Wei (GM) POPULAR INTERNATIONAL<br>GARMENT MANUFACTURING Co., Ltd (အထည်ချုပ်စက်ရုံ)<br>အမှတ်(၅၆)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ စက်မှုဇုန်(၂)၊<br>လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၂)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ အမှတ်(၅၆)ရှိ POPULAR INTERNATIONAL GARMENT MANUFACTURING Co., Ltd (အထည်ချုပ်စက်ရုံ)၊ Mr. Backman Tom Stefan (အလုပ်ရှင်)၊ Mr. Wang Wei (GM) နှင့် အလုပ်သမား ဒေါ်သူဇာမြင့် ပါ (၁၉)ဦး တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲအပ်ပေးပို့ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အငြင်းပွားမှုအမှတ် (၁၉/၂၀၂၄)ဖြင့် ကြားနာစစ်ဆေးပြီး ဆုံးဖြတ်ချက်အပေါ်

အလုပ်သမား ဒေါ်သူဇာမြင့်ပါ (၇)ဦးတို့မှ ကျေနပ်မှုမရှိပါ၍ ခုံသမာဓိကောင်စီသို့ ထပ်မံတင်ပြလျှောက်ထားလာခဲ့ခြင်းဖြစ်ပါသည်။

၂။ ဤအငြင်းပွားမှုတွင် တောင်းဆိုသူ ဒေါ်သူဇာမြင့်ပါ(၇)ဦး အလုပ်သမားတို့မှ POPULAR INTERNATIONAL GARMENT MANUFACTURING Co., Ltd (အထည်ချုပ်စက်ရုံ)မှ Mr. Backman Tom Stefan (အလုပ်ရှင်)၊ Mr. Wang Wei (GM) တို့အပေါ် အလုပ်မှရပ်စဲခံရခြင်းအပေါ် အလုပ်သမားများက အလုပ်ပြန်လည်ခန့်ထားပေးပါရန်နှင့် ခန့်ထားနိုင်ခြင်းမရှိခဲ့ပါက ဥပဒေနှင့်အညီ နစ်နာကြေးပေးရန် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ အလုပ်သမား ဒေါ်သူဇာမြင့်ပါ(၁၉)ဦးက ၂၀၂၄ခုနှစ်၊ ဧပြီလ၏ (အခြေခံလစာ + အချိန်ပိုကြေး+ Ticket ကြေး+ ဆုကြေး + ရက်မှန်ကြေး + Grade ကြေး) လစာဖြင့်သာ နစ်နာကြေးများရယူလိုကြောင်း တောင်းဆိုခဲ့ခြင်းအပေါ် အလုပ်ရှင်က နောက်ဆုံးထုတ်ယူခဲ့သည့် ၂၀၂၄ခုနှစ်၊ ဇွန်လ လစာ (၄၈၀၀+ ၁၀၀၀) ဖြင့်သာ ပေးချေသည့်အတွက် ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးခဲ့သော အငြင်းပွားမှုဖြစ်ပါသည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၁၉/၂၀၂၄)ဖြင့် လက်ခံကြားနာစစ်ဆေးပြီး ၁၉-၈-၂၀၂၄ ရက်နေ့တွင် ကောက်ချက်(၁) ချက်ရေးဆွဲ၍ ဆုံးဖြတ်ပေးခဲ့သော ဆုံးဖြတ်ချက်ကို ဒေါ်သူဇာမြင့်ပါ အလုပ်သမား(၇)ဦးတို့မှ ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားတင်ပြလာခြင်းဖြစ်ပါသည်။

**ကောက်ချက် ။** အလုပ်ရှင်က အလုပ်သမား ဒေါ်သူဇာမြင့်ပါ (၁၉)ဦးအား အင်အားလျှော့ချခဲ့ခြင်းအပေါ် အလုပ်ပြန်လည်ခန့်အပ်ပေးရန် (သို့မဟုတ်) ဥပဒေနှင့်အညီ နစ်နာကြေးပေးရန် သင့်/ မသင့်။

**ဆုံးဖြတ်ချက်။** အလုပ်ရှင်က အလုပ်သမား ဒေါ်သူဇာမြင့်ပါ (၁၁)ဦးအား အလုပ်ပြန်လည်ခန့်ထားရန်မလိုကြောင်း ဆုံးဖြတ်သည်။ အလုပ်သမားများ ရရန်ရှိသော နစ်နာကြေးအား အောက်ပါအတိုင်းပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | အလုပ်ဝင်ရက် | အင်အားလျှော့ရက် | လုပ်သက် | နစ်နာကြေး |
|---|---|---|---|---|---|
| ၁။ | ဒေါ်သူဇာမြင့် | ၁၁-၆-၂၀၁၅ | ၂-၇-၂၀၂၄ | ၉နှစ်၊ ၂၁ရက် | ၂၁၀၀၀၀/- × ၆လစာ = ၁,၂၆၀,၀၀၀/- |
| ၂။ | ဒေါ်သန်းသန်းစိုး | ၂-၄-၂၀၁၈ | ၂-၇-၂၀၂၄ | ၆နှစ်၊ ၃လ | ၂၁၀၀၀၀/- × ၅လစာ = ၁,၀၅၀,၀၀၀/- |
| ၃။ | ဒေါ်မြသက်မွန် | ၂၂-၁၀-၂၀၁၄ | ၂-၇-၂၀၂၄ | ၉နှစ်၊ ၉လ | ၂၁၀၀၀၀/- × ၆လစာ = ၁,၂၆၀,၀၀၀/- |
| ၄။ | ဒေါ်မျိုးမျိုးခိုင် | ၇-၆-၂၀၁၉ | ၂-၇-၂၀၂၄ | ၅နှစ်၊ ၂၅ရက် | ၂၁၀၀၀၀/- × ၄လစာ = ၈၄၀,၀၀၀/- |
| ၅။ | ဒေါ်ဝါဝါအောင် | ၂၁-၁၀-၂၀၁၉ | ၂-၇-၂၀၂၄ | ၄နှစ်၊ ၈လ | ၂၁၀၀၀၀/- × ၄လစာ = ၈၄၀,၀၀၀/- |
| ၆။ | ဒေါ်အေးမြတ်စန္ဒာ | ၂၆-၄-၂၀၁၉ | ၂-၇-၂၀၂၄ | ၅နှစ်၊၂လ | ၂၁၀၀၀၀/- × ၄လစာ = ၈၄၀,၀၀၀/- |
| ၇။ | ဒေါ်စန္ဒာပြုံး | ၄-၈-၂၀၀၇ | ၂-၇-၂၀၂၄ | ၁၆နှစ်၊ ၁၀လ | ၂၁၀၀၀၀/- × ၈လစာ = ၁,၆၈၀,၀၀၀/- |
| ၈။ | ဒေါ်မာမာမြင့် | ၁-၃-၂၀၁၉ | ၂-၇-၂၀၂၄ | ၅နှစ်၊ ၄လ | ၂၁၀၀၀၀/- × ၄လစာ = ၈၄၀,၀၀၀/- |
| ၉။ | ဒေါ်သီရိမွန် | ၁၉-၆-၂၀၁၉ | ၂-၇-၂၀၂၄ | ၅နှစ်၊ ၁၃ရက် | ၂၁၀၀၀၀/- × ၄လစာ = ၈၄၀,၀၀၀/- |
| ၁၀။ | ဒေါ်သန်းသန်းနု | ၂၈-၄-၂၀၁၇ | ၂-၇-၂၀၂၄ | ၇နှစ်၊ ၂လ | ၂၁၀၀၀၀/- × ၅လစာ = ၁,၀၅၀,၀၀၀/- |
| ၁၁။ | ဦးအောင်ကျော်မိုး | ၆-၁၁-၂၀၁၉ | ၂-၇-၂၀၂၄ | ၄နှစ်၊ ၇လ | ၂၁၀၀၀၀/- × ၄လစာ = ၈၄၀,၀၀၀/- |

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၉/၂၀၂၄) ဆုံးဖြတ်ချက် အပေါ်တွင် ဒေါ်သူဇာမြင့်ပါ (၇)ဦးတို့မှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှု လျှောက်ထားခဲ့ရာ အလုပ်သမားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီမှ ရုံးအမိန့်စာအမှတ် (၁၈၃/၂၀၂၄)၊ အငြင်းပွားမှုအမှတ် (၁၄/၂၀၂၄)အား ကြားနာစစ်ဆေးရန် ခုံအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မောင်၊ အဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးမောင်မောင်အေး (အလုပ်သမား ကိုယ်စားလှယ်) တို့ ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ဤအငြင်းပွားမှုအား ၂၀၁၂ ခုနှစ်၊ အလုပ်သမား ရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (က) အရ သက်ဆိုင်ရာ အငြင်းပွားသူများကို **"ကြားနာလိုက ကြားနာစစ်ဆေးခြင်း သို့မဟုတ် ကြားနာစစ်ဆေးခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"** ဟု ပြဋ္ဌာန်းချက်နှင့်အညီ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်သူ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ မှတ်တမ်းများ၊ တင်ပြလာသော စာရွက်စာတမ်းများ၊ အထောက်အထား သက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက် ။** အလုပ်ရှင်က တောင်းဆိုသူအလုပ်သမား ဒေါ်သူဇာမြင့်ပါ(၇)ဦးအား အင်အား လျှော့ခဲ့ခြင်းအပေါ် အလုပ်ပြန်လည်ခန့်အပ်ပေးရန် (သို့မဟုတ်) ဥပဒေနှင့် အညီ နစ်နာကြေးပေးရန် သင့်/ မသင့်။

## <u>စိစစ်တွေ့ရှိချက်</u>

၆။ ဤအငြင်းပွားမှုနှင့်ပတ်သက်၍ အလုပ်သမားများကိုယ်စား ဒေါ်သူဇာမြင့်ပါ (၄)ဦး ထွက်ဆို တင်ပြရာတွင် မူလတိုင်ကြားစဉ်က အလုပ်သမား(၁၉)ဦး တိုင်ကြားခဲ့သော်လည်း အလုပ်သမား (၈)ဦးသည် ခုံသမာဓိအဖွဲ့သို့ အမှုရောက်ရှိစဉ်အတွင်း အလုပ်ရှင်ပေးသော နောက်ဆုံးထုတ်လစာ ဖြင့် နစ်နာကြေးရယူသွားပြီးဖြစ်သည့်အတွက် ယခုအလုပ်သမား(၁၁)ဦးသာ တောင်းဆိုခြင်း ဖြစ်ပါကြောင်း၊ အလုပ်သမား(၁၁)ဦးတွင် (၁) ဒေါ်သူဇာမြင့်သည် ၁၁-၆-၂၀၁၅ ရက်နေ့တွင် စက်ချုပ်ရာထူး၊ လစာ ၂၈၀၀၀၀/- ဖြင့်လည်းကောင်း၊ (၂) ဒေါ်သန်းသန်းစိုးသည် ၂-၄-၂၀၁၈ ရက် နေ့တွင် စက်ချုပ်ရာထူး၊ လစာ ၂၉၀၀၀၀/- ဖြင့်လည်းကောင်း၊ (၃) ဒေါ်မြသက်မွန်သည် ၂၀-၁၀-

၂၀၁၄ ရက်နေ့တွင် စက်ချုပ်ရာထူး၊ လစာ ၂၈၀၀၀၀/- ဖြင့်လည်းကောင်း၊ (၄) ဒေါ်မျိုးမျိုးခိုင်သည် ၇-၆-၂၀၁၉ ရက်နေ့တွင် စက်ချုပ်ရာထူး၊ လစာ၂၉၀၀၀၀/- ဖြင့်လည်းကောင်း၊ (၅) ဒေါ်ဝါဝါအောင်သည် ၂၁-၁၀-၂၀၁၉ ရက်နေ့တွင် စက်ချုပ်ရာထူး၊ လစာ၂၆၀၀၀၀/- ဖြင့်လည်းကောင်း၊ (၆) ဒေါ်အေးမြတ်စန္ဒာသည် ၂၆-၄-၂၀၁၉ ရက်နေ့တွင် စက်ချုပ်ရာထူး၊ လစာ၂၆၀၀၀၀/- ဖြင့်လည်းကောင်း၊ (၇) ဒေါ်စန္ဒာပြုံးသည် ၄-၈-၂၀၀၇ ရက်နေ့တွင် စက်ချုပ်ရာထူး၊ လစာ၂၈၀၀၀၀/- ဖြင့်လည်းကောင်း၊ (၈) ဒေါ်မာမာမြင့်သည် ၁-၃-၂၀၁၉ ရက်နေ့တွင် Helper ရာထူး၊ လစာ၂၃၀၀၀၀/- ဖြင့်လည်းကောင်း၊ (၉) ဒေါ်သီရိမွန်သည် ၁၉-၆-၂၀၁၉ ရက်နေ့တွင် စက်ချုပ်ရာထူး၊ လစာ၂၈၀၀၀၀/- ဖြင့်လည်းကောင်း၊ (၁၀) ဒေါ်သန်းသန်းနုသည် ၂၈-၄-၂၀၁၇ ရက်နေ့တွင် QC ရာထူး၊ လစာ၂၇၀၀၀၀/- ဖြင့်လည်းကောင်း၊ (၁၁) ဦးအောင်ကျော်မိုးသည် ၆-၁၁-၂၀၁၉ ရက်နေ့တွင် စက်ပြင်ရာထူး၊ လစာ၄၂၀၀၀၀/- ဖြင့်လည်းကောင်း အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ကြကြောင်း ထွက်ဆိုထားကြပါသည်။

၇။ အလုပ်ရှင်ကိုယ်စား ဒါရိုက်တာအဖွဲ့၏ Mr. Wang Wei (GM) မှ ထွက်ဆိုတင်ပြရာတွင် စက်ရုံသည် POPULAR INTERNATIONAL GARMENT MANUFACTURING Co., Ltd (အထည်ချုပ်စက်ရုံ)ဖြစ်ပြီး အလုပ်ရှင်အမည်မှာ Mr. Backman Tom Stefan (ဖင်လန်နိုင်ငံသား) ဖြစ်ပါကြောင်း၊ စက်ရုံကို လှိုင်သာယာစက်မှုဇုန်(၃)မှ စက်မှုဇုန်(၂)သို့ ၂၀၁၈ခုနှစ်မှ ပြောင်းရွှေ့ခဲ့ပြီး ဝန်ထမ်းအင်အား (၃၀၀)နီးပါးရှိပါကြောင်း၊ POPULAR မှ အလုပ်သမားများသည် Buyer များကို တိုင်ကြားခဲ့သောကြောင့် Buyer များမှ အော်ဒါမချပေးသည့်အတွက် Beaume အထည်ချုပ်အော်ဒါ ဖြင့် လုပ်ကိုင်ရပါကြောင်း၊ ၂၀၁၄ခုနှစ်၊ မေလတွင် စက်ရုံကို (၂)ပိုင်းခွဲပြီး လုပ်ကိုင်မည်ဟု စဉ်းစားသော် လည်း POPULAR အထည်ချုပ်အနေဖြင့် အလုပ်သမားများ အပြည့်အဝမရှိသဖြင့် ယာယီတစ်လနားရန် ပြောသည့်အခါ ၎င်းအလုပ်သမားများမှ စက်ရုံတွင်ထိုင်ပြီး အလုပ်မလုပ်သည့်အတွက် Beaume အထည်ချုပ် အလုပ်သမားများမှလည်း အလုပ်လုပ်ရန် အခက်အခဲများ ရှိခဲ့ပါကြောင်း၊ ထို့နောက် WCC ဖြင့် အလုပ်သမားများအား ဆွေးနွေး၍ POPULAR အထည်ချုပ် အလုပ်သမားများအား Beaume အထည်ချုပ်ဘက်သို့ ပြောင်းရွှေ့လုပ်ကိုင်ကြရန် ပြောခဲ့ပါကြောင်း၊ သို့သော် လုပ်ကိုင်ခြင်းမရှိခဲ့ပါကြောင်း၊ POPULAR INTERNATIONAL GARMENT MANUFACTURING Co., Ltd တွင် အလုပ်သမား (၆၅)ဦးသာ ကျန်ရှိပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက် EC စာချုပ်ရှိပါကြောင်း၊ ဒေါ်သူဇာမြင့်ပါ(၁၉)ဦးအား သက်တမ်းတိုးဆောင်ရွက်နေပါကြောင်း၊ WCC ဖွဲ့စည်းမှုရှိပါကြောင်း၊ အင်အားလျော့ချခဲ့သည့်

အလုပ်သမား (၁၉)ဦးအနက် အလုပ်သမား(၈)ဦးသည် နစ်နာကြေး(၄၈၀၀၀ + ၁၀၀၀၀)လစာဖြင့် နစ်နာကြေးထုတ်ယူခဲ့၍ ခုံသမာဓိအဖွဲ့သို့ တင်ပြရာတွင် အလုပ်သမား(၁၁)ဦးသာ ရှိပါကြောင်း ထွက်ဆိုတင်ပြထားသည်ကို တွေ့ရှိရပါသည်။

၈။ လျှောက်ထားသူ အလုပ်သမား ဒေါ်သူဇာမြင့်ပါ(၁၉)ဦးအနက် ၊ အလုပ်သမား (၈)ဦးသည် အလုပ်ရှင်မှပေးသော အလုပ်ယာယီရပ်နားစဉ် နောက်ဆုံးထုတ်ယူခဲ့သော (၆/၂၀၂၄)လ (၄၈၀၀၀+ ၁၀၀၀၀) နစ်နာကြေးကို သဘောတူ၍ ထုတ်ယူခဲ့ပြီးဖြစ်သဖြင့် ခုံသမာဓိအဖွဲ့အနေဖြင့် ဒေါ်သူဇာမြင့် ပါ(၁၁)ဦးအတွက်သာဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ခုံသမာဓိအဖွဲ့မှလည်း အလုပ်သမား ဒေါ်သူဇာ မြင့် ပါ(၁၁)ဦး တို့သည် လုပ်သက်ရင့် အလုပ်သမားများဖြစ်သည်ကို ထောက်ထားပြီး မျှတညီမျှ သော လစာရသင့်ကြောင်း သုံးသပ်ပြီး ကျန်ရှိသော အလုပ်သမားများ၏ လစာကို ပုံသေ ၂၁၀၀၀၀/- သတ်မှတ်ပြီး လုပ်သက်အလိုက်နစ်နာကြေးထုတ်ပေးရာ အလုပ်သမား (၄)ဦးမှ ကျေနပ်လက်ခံသဖြင့် ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားရာတွင် အလုပ်သမား(၇)ဦးသာ ကျန်ရှိပါကြောင်း တွေ့ရှိရပါသည်။

<u>**သုံးသပ်ချက်**</u>

၉။ လျှောက်ထားသူ ဒေါ်သူဇာမြင့်ပါ (၇)ဦးတို့သည် ၂၀၁၂ခုနှစ် အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၏ ပုဒ်မ ၂၈ ၌ ပြဋ္ဌာန်းထားသော မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်မှတစ်ပါး ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပုဒ်မ ၂၈ (က)အရ ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားခြင်းဟူသော ပြဋ္ဌာန်းချက်အရ အယူခံတင်ပြလာခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၁၀။ POPULAR အထည်ချုပ်စက်ရုံအနေဖြင့် လုပ်ငန်းတွင် အလုပ်လုပ်ရန် အခက်အခဲများ ရှိသည့် အတွက် ၎င်း၏ အလုပ်သမားများအား ယာယီရပ်နားစေပြီး အလုပ်သမားများအား အလုပ် စေခိုင်းခြင်းမရှိဘဲ ၂၀၂၄ခုနှစ်၊ ဇွန်လလစာ အဖြစ်(၄၈၀၀၀+၁၀၀၀၀)ဖြင့် ပေးချေခဲ့ကြောင်း ပေါ်ပေါက် ပေရာ လစာနှုန်းထားမှာ ပုံသေ ၁၇၄၀၀၀/- ကျပ်သာဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ထိုလစာမှာ ဝန်ထမ်းများ၏ အမှန်တကယ်သတ်မှတ်ပြဋ္ဌာန်းထားသည့် လစာနှုန်းထားမဟုတ်ပါကြောင်း သုံးသပ်ရရှိပါသည်။ ထိုနည်းတူ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အလုပ်သမားများအား မျှတညီမျှသော လစာနှုန်းထားအဖြစ် ပုံသေ ၂၁၀၀၀၀/- သတ်မှတ်ပြီး နစ်နာကြေး ထုတ်ပေးစေရန်

ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းမှာလည်း အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖြေရှင်းနိုင်စေရန် သတ်မှတ်ချက်သာဖြစ်၍ အလုပ်သမားများ၏ နောက်ဆုံးထုတ်လစာဖြစ်သည်ဟု မှတ်ယူနိုင်မည် မဟုတ်ပါကြောင်း သုံးသပ်ရရှိပါသည်။

၁၁။ ယခုအငြင်းပွားမှုကို အဆင့်ဆင့်သော တာဝန်ရှိသည့်အဖွဲ့အစည်းများမှ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် ပြေလည်မှုရရှိစေရန် နှစ်ဦးနှစ်ဖက်ထောက်ထားညှာတာပြီး ညှိနှိုင်းဖြေရှင်းပေးခဲ့ကြသော်လည်း အဆင့်ဆင့်သော အဖွဲ့အစည်းများ၏ ညှိနှိုင်းဆုံးဖြတ်ချက်များအပေါ် ကျေနပ်မှုမရှိဘဲ ခုံသမာဓိကောင်စီသို့ တင်ပြလာခဲ့ခြင်းဖြစ်ပေရာ ခုံသမာဓိကောင်စီသည် ဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရန်လည်းကောင်း၊ အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတ(equal chance) မှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟူသော ရည်ရွယ်ချက်ကို အခြေပြုဆုံးဖြတ်ရန်နှင့် ပြဋ္ဌာန်းထားသည့် တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း သုံးသပ်ရရှိပါသဖြင့် အလုပ်သမား ဒေါ်သူဇာမြင့်ပါ(၇)ဦးတို့၏ နောက်ဆုံးထုတ်လစာမှာ ၎င်းတို့ ထုတ်ယူခဲ့သော (၄/၂၀၂၄)လစာသာဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၁၂။ အလုပ်သမားများဘက်မှ တင်ပြထားသည့် နို့တစ်ကြေးနှင့်ပတ်သက်၍ အလုပ်ရှင်ဘက်မှ စက်ရုံရှိ အလုပ်သမားများအား (၆/၂၀၂၄)လစာကို (၄၈၀၀၀+၁၀၀၀၀) နှုန်းသတ်မှတ်ပြီး အလုပ်တစ်စုံတစ်ရာ စေခိုင်းခြင်းမရှိဘဲ ထုတ်ပေးခဲ့ကြောင်းပေါ်ပေါက်သဖြင့် အလုပ်သမားများသည် နို့တစ်ကြေးအတွက် တစ်လစာကို ထုတ်ယူခံစားပြီးဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်။** ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ဖြစ်သော အလုပ်ရှင်က အလုပ်သမား ဒေါ်သူဇာမြင့်ပါ (၁၁)ဦးအား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်းဆုံးဖြတ်ချက်ကို အတည်ပြုပြီး အလုပ်သမားများ ရရန်ရှိသော နစ်နာကြေး ပုံသေလစာ ၂၁၀၀၀၀/- အား နောက်ဆုံးထုတ်လစာ အဖြစ် သတ်မှတ်ဆုံးဖြတ်ချက်အပေါ် အလုပ်သမား ဒေါ်သူဇာမြင့်ပါ (၇) ဦး၏

(၄/၂၀၂၄) လစာသာ အမှန်တကယ် နောက်ဆုံးထုတ်လစာဖြစ်ကြောင်း ပြင်ဆင်ဆုံးဖြတ်ပြီး အလုပ်သမားများ ရရန်ရှိသော နစ်နာကြေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) နှင့်အညီ အောက်ပါအတိုင်းပေးရန် ဆုံးဖြတ်သည်-

| စဉ် | အမည် | အလုပ်ဝင်ရက် | အင်အားလျှော့ရက် | လုပ်သက် | နစ်နာကြေး |
|---|---|---|---|---|---|
| ၁။ | ဒေါ်သူဇာမြင့် | ၁၁-၆-၂၀၁၅ | ၂-၇-၂၀၂၄ | ၉နှစ်၊ ၂၁ရက် | ၂၄၀၆၀၀/- × ၆လစာ = ၁,၄၄၃,၆၀၀/- |
| ၂။ | ဒေါ်သန်းသန်းစိုး | ၂-၄-၂၀၁၈ | ၂-၇-၂၀၂၄ | ၆နှစ်၊ ၃လ | ၂၃၁၄၀၀/- × ၅လစာ = ၁,၁၅၇,၀၀၀/- |
| ၃။ | ဒေါ်မြသက်မွန် | ၂၂-၁၀-၂၀၁၄ | ၂-၇-၂၀၂၄ | ၉နှစ်၊ ၉လ | ၂၂၅၀၀၀/- × ၆လစာ = ၁,၃၅၀,၀၀၀/- |
| ၄။ | ဒေါ်မျိုးမျိုးခိုင် | ၇-၆-၂၀၁၉ | ၂-၇-၂၀၂၄ | ၅နှစ်၊ ၂၅ရက် | ၂၃၈၉၀၀/- × ၄လစာ = ၉၅၅,၆၀၀/- |
| ၅။ | ဒေါ်စန္ဒာပြုံး | ၄-၈-၂၀၀၇ | ၂-၇-၂၀၂၄ | ၁၆နှစ်၊ ၁၀လ | ၂၂၇၈၀၀/- × ၈လစာ = ၁,၈၂၂,၄၀၀/- |
| ၆။ | ဒေါ်မာမာမြင့် | ၁-၃-၂၀၁၉ | ၂-၇-၂၀၂၄ | ၅နှစ်၊ ၄လ | ၂၀၉၅၀၀/- × ၄လစာ = ၈၃၈,၀၀၀/- |
| ၇။ | ဦးအောင်ကျော်မိုး | ၆-၁၁-၂၀၁၉ | ၂-၇-၂၀၂၄ | ၄နှစ်၊ ၇လ | ၃၇၃၅၂၀/- × ၄လစာ = ၁,၄၉၄,၀၈၀/- |

၁၃။ အထက်ပါ ဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ၂၉အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။



ဒေါ်မြတ်မြတ်ကျော်
အဖွဲ့ဝင်



ဦးကျော်မောင်
ဥက္ကဋ္ဌ



ဦးမောင်မောင်အေး
အဖွဲ့ဝင်